# အရပ်ဘက်အဖွဲ့အစည်းများ

## (Civil Society)

လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးအတွင်းရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) တို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံသည့် မိတ်ဆက်ရှင်းလင်းမှုများ ပြုလုပ်ပေးပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အားထုတ်နေကြသည့် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

### ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

အရပ်ဘက်အဖွဲ့အစည်းများ ထိတွေ့ဆက်ဆံမှုသည် လုံခြုံရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချခြင်း၏ ဒီမိုကရေစီသဘောသဘာဝကို မြင့်တင်ပေးသည့် ပူးပေါင်းပါဝင်မှုဆိုင်ရာ ယဉ်ကျေးမှု၏ အစိတ်အပိုင်းဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ပညာရပ်ကျွမ်းကျင်မှုနှင့် လွတ်လပ်သော အကျိုးစီးပွားများသည် မူဝါဒချမှတ်သူများအား ပိုမိုကျယ်ပြန့်သော အမြင်ရှုထောင့်များ၊ သတင်းအချက်အလက်များနှင့် အခြားရွေးချယ်စရာ အတွေးအခေါ်များကို ပံ့ပိုးပေးခြင်းဖြင့် အစိုးရပေါ်လစီအား တန်ပြန်ချိန်ခွင်လျှာကို ပေးအပ်ပါသည်။ သို့ဖြစ်သော်လည်း အရပ်ဘက်အဖွဲ့အစည်းများ၏ တက်ကြွလှုပ်ရှားမှုသည် အမြဲတမ်း ဒီမိုကရေစီနည်းကျခြင်း သို့မဟုတ် လူထု၏ လိုအပ်ရာများ သို့မဟုတ် အကျိုးစီးပွားများကို ကိုယ်စားပြုသည်မဟုတ်သလို ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုကို အလိုအလျောက် ဖြစ်ပေါ်စေမည်မဟုတ်ပေ။ ဤ SSR နောက်ခံအကြောင်းအရာလက်စွဲသည် လုံခြုံရေးကဏ္ဍ၏ တာဝန်ခံမှုနှင့် ထိရောက်မှုတို့ကို အရပ်ဘက်အဖွဲ့အစည်းများက မည်သို့တိုးတက်စေနိုင်ကြောင်း ရှင်းပြထားသည်။

### SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --


- အရပ်ဘက်အဖွဲ့အစည်းများ ဆိုသည်ကား အဘယ်နည်း။ *စာမျက်နှာ ၂*
- အရပ်ဘက်အဖွဲ့အစည်းများသည် SSG ကို မည်သို့ တိုးတက်ကောင်းမွန်စေမည်နည်း။ *စာမျက်နှာ ၄*
- အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းက နိုင်ငံအစိုးရပိုင် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများကို မည်သို့ကူညီနိုင်မည်နည်း။ *စာမျက်နှာ ၈*
- အရပ်ဘက်အဖွဲ့အစည်းများသည် မလုံခြုံမှု အခြေအနေကို မည်သည့်အချိန်တွင် ပိုမိုဆိုးရွားသွားစေသနည်း။ *စာမျက်နှာ ၉*
- အရပ်ဘက်အဖွဲ့အစည်းများ အဘယ်သို့သော စိန်ခေါ်ချက်များကို ရင်ဆိုင်ရပါသနည်း။ *စာမျက်နှာ ၁၀*


DCAF Geneva Centre for Security Sector Governance

## အရပ်ဘက်အဖွဲ့အစည်းများ ဆိုသည်ကား အဘယ်နည်း။

အရပ်ဘက်အဖွဲ့အစည်းများ ဆိုသည်မှာ **အများသူငှာလူထု အကျိုးစီးပွားအတွက် တူညီသော အကျိုးစီးပွား သို့မဟုတ် အနာဂတ်မျှော်မှန်းချက်တစ်ခုအပေါ်လွှမ်းခြုံ၍ ပြည်လူထုတို့တည်ထောင်ထားသော အဖွဲ့အစည်း** အမျိုးအစားအားလုံးကို ဆိုလိုသည် - ဥပမာ၊ ပရဟိတအဖွဲ့များ၊ ပရဟိတ သို့မဟုတ် စည်းရုံးရေးအသင်းများ၊ ကလပ်များ၊ အစည်းအရုံးများ၊ အလုပ်သမားသမဂ္ဂများ၊ ပညာရှင်အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ လူမှုအသိုင်းအဝိုင်း သို့မဟုတ် ရပ်ရွာနေထိုင်သူ အဖွဲ့များ၊ ဌာနေတိုင်းရင်းသားများ သို့မဟုတ် တိုင်းရင်းသား အကျိုးစီးပွားအုပ်စုများ၊ ဘာသာတရား ယုံကြည်မှု အခြေခံအဖွဲ့အစည်းများ၊ တတ်သိပညာရှင် အဖွဲ့များ၊ NGOများနှင့် အမှီအခိုကင်းသော ဖောင်ဒေးရှင်းများ (ပုံ ၁ ကိုကြည့်ပါ)။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် အရပ်ဘက်အဖွဲ့အစည်းများအဖြစ် အဓိပ္ပါယ်သတ်မှတ်ပေးနိုင်သည့် လက္ခဏာ သုံးခုရှိသည် -

၁။ **အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်သူလူထု အများသူငှာ အကျိုးစီးပွားအတွက် လုပ်ဆောင်သည်-** အရပ်ဘက်အဖွဲ့အစည်းများသည် လူ့ဘောင်အဖွဲ့အစည်းနှင့် ပြည်သူလူထုဘဝအတွက် အကျိုးစီးပွားဆိုင်ရာ အရေးကိစ္စရပ်များနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ လူမှုအကျိုးစီးပွားများဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် မူဝါဒဆိုင်ရာ ထင်မြင်ယူဆချက်များမှာ အမျိုးမျိုးကွဲပြားကြပြီး တစ်ခါတစ်ရံတွင် ဆန့်ကျင်ဘက် သို့မဟုတ် ကွဲလွဲနေသော်လည်း ယင်းတို့အားလုံးသည် လူမှုရေးရလဒ်ထွက်ပေါ်ချက်များ ပိုမိုကောင်းမွန်လာစေရန် တစ်စိုက်စိုက်မတ်မတ် အာရုံစိုက်ကြသည်။ နိုင်ငံရေးပါတီများနှင့်မတူသည်မှာ၊ အရပ်ဘက်အဖွဲ့အစည်းများသည် အစိုးရ၏အစိတ်အပိုင်းဖြစ်လာခြင်းဖြင့် ပြည်သူလူထုအကျိုးစီးပွားကို လွှမ်းမိုးရန် မရည်ရွယ်ပါ။

**ပုံ ၁ အရပ်ဘက်အဖွဲ့အစည်းများအတွင်းတွင် အုပ်စုများနှင့် အဖွဲ့အစည်း/ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် အများအပြား ပါဝင်ပါသည်။**



**၂။ အရပ်ဘက်အဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းနိုင်သည် -** အရပ်ဘက်အဖွဲ့အစည်းများကို ဥပဒေဖြင့် အသိအမှတ်ပြုသည့် တရားဝင်အဖွဲ့များအဖြစ် ဖွဲ့စည်းနိုင်သည် (ဥပမာ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ ကဲ့သို့သော) သို့မဟုတ် ပြည်သူများအကြား ပိုမိုလွတ်လပ်သည့် လူမှုဆက်ဆံရေးများအပေါ် အခြေခံ၍ အရပ်ဘက်အဖွဲ့အစည်းများကို အလွတ်သဘော ဖွဲ့စည်းနိုင်သည် (လူမှုရေးကလပ်အသင်းများ၊ လူကြိုက်များသော စည်းရုံးလှုံ့ဆော်မှုများ၊ ပုံမှန်အစည်းအဝေးများ၊ ပလက်ဖောင်းများ၊ ကွန်ရက်များ စသဖြင့်)။ သို့တိုင်၊ အရပ်ဘက်အဖွဲ့အစည်းများကို မည်ကဲ့သို့ဖွဲ့စည်းထားခြင်းဖြစ်ပါစေ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုနှင့် အဖွဲ့ဝင်ဖြစ်မှုတို့သည် အမြဲတမ်းဆန္ဒအလျောက်ဖြစ်ပြီး အစိုးရ၏ထိန်းချုပ်မှုမှ ကင်းလွတ်သည် (နိုင်ငံအစိုးရ၏ ထောက်ခံမှု အမြဲမရှိသော်လည်း)။

**၃။ အရပ်ဘက်အဖွဲ့အစည်းများတွင် အကျိုးအမြတ်မယူသော ဦးတည်ရည်မှန်းချက်များရှိသည် -** အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများအတွက် ရန်ပုံငွေလိုအပ်လေ့ရှိသော်လည်း၊ အဖွဲ့များသည် ဤရည်ရွယ်ချက်အတွက် ဝင်ငွေရှာလေ့ရှိ (အစိုးရများထံမှ အပါအဝင်) သော်လည်း အမြတ်ငွေရှာခြင်းသည် ၎င်းတို့၏ တည်ရှိမှုအတွက် အကြောင်းပြချက်မဟုတ်ပေ။ အရပ်ဘက်အဖွဲ့အစည်းများသည် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို တစ်ခါတစ်ရံ ထောက်ခံအားပေးကြသော်လည်း အကျိုးအမြတ်အတွက် စီးပွားရေးလုပ်ငန်းများတွင် ဘယ်သောအခါမှ ပါဝင်ခြင်းမရှိပေ။

အရပ်ဘက်အဖွဲ့အစည်းများကို စဉ်းစားရန် နောက်တစ်နည်းမှာ ၎င်းတို့မဟုတ်သောအရာအပေါ် စဉ်းစားကြည့်ရန်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံအစိုးရ သို့မဟုတ် အစိုးရရေးရာများ၊ ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အများသူငှာ ပုဂ္ဂလိကဘဝများ (ပုံ ၂ ကိုကြည့်ပါ) စသည်အရာတို့၏ အစိတ်အပိုင်းမဟုတ်သော လူမှုရေးဆိုင်ရာ လှုပ်ရှားမှု အမျိုးအစားအားလုံးကို လုပ်ခြင်းဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် တူညီသော ပြဿနာ သို့မဟုတ် အကျိုးစီးပွားတစ်ခုကြောင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ၊ ဆိုလိုသည်မှာ ၎င်းတို့သည် သက်ဆိုင်ရာလူထု၏ အမြင်များကို ကောင်းစွာသိရှိနားလည်လေ့ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် အရေးကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ အပြောင်းအလဲလုပ်ရန်အတွက် လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်မည်ဆိုပါက ၎င်းတို့ မြင်လိုသည့် အပြောင်းအလဲများပြုလုပ်ရန် အစိုးရ၊ စီးပွားရေးကဏ္ဍ သို့မဟုတ် အများပြည်သူအား မိမိဖက်ပါရန် ကြိုးပမ်းခြင်း၊ စည်းရုံးပြောဆိုခြင်း၊ ယုံကြည်လက်ခံစေခြင်း စသည်တို့ ပြုလုပ်ရန် လိုအပ်ပါသည်။ စနစ်တကျဖွဲ့စည်းထားသော အရပ်ဘက်အဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်းအပေါ်တွင်သော်လည်းကောင်းနှင့် လုံခြုံရေးအပေါ်တွင်သော်လည်းကောင်း အရေးပါကျယ်ပြန့်သော အကျိုးသက်ရောက်မှုများနှင့်အတူ ဒီမိုကရေစီနည်းကျ ကိုယ်စားပြုမှုအတွက် မှန်ကန်ထိရောက်သော လမ်းကြောင်းကို ပံ့ပိုးပေးနိုင်သည်။

**ပုံ ၂ အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံအစိုးရ၊ ပြည်သူလူထု နှင့် ဈေးကွက်တို့အကြားတွင် တည်ရှိနေပါသည်။**



## အရပ်ဘက်အဖွဲ့အစည်းများသည် SSG ကို မည်သို့ တိုးတက်ကောင်းမွန်စေမည်နည်း။

လုံခြုံရေးဆိုင်ရာ အရေးကိစ္စများတွင် ပါဝင်ပတ်သက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးကဏ္ဍအပေါ် ဒီမိုကရေစီနည်းကျသော အုပ်ချုပ်မှုပေးရေး အတွက် တန်ဖိုးရှိသော အရာတစ်ခုဖြစ်ရာတွင်၊ အကြောင်းမှာ လုံခြုံမှု အရည်အသွေးနှင့် ယင်းလုံခြုံမှုကို တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများအပေါ် လူထု၏ မတူကွဲပြားသော အမြင်များကို ဆက်သွယ်ရန် လမ်းကြောင်းတစ်ခုကို အရပ်ဘက်အဖွဲ့အစည်းများက ဖန်တီးပေးသောကြောင့် ဖြစ်သည်။

လုံခြုံရေးဆိုင်ရာအပေါ်တွင် ပြည်သူအများသူငှာ၏ ထင်မြင်ယူဆချက်များကို အရပ်ဘက်အဖွဲ့အစည်းများက ထုတ်ဖော်ပြောဆိုပြီးသကာလ လုံခြုံရေးကဏ္ဍကလည်း ပြန်လည် တုံ့ပြန်ဆောင်ရွက်ပေးသည့်အခါ SSG သည် မြင့်မားမှုကိုရရှိပါသည်။ ထိုသို့ဖြစ်ရခြင်း အကြောင်းမှာ -

**လုံခြုံရေးကဏ္ဍသည် ပြည်သူအများသူငှာ၏ အမြင်များကို ပိုမိုလေ့လာနိုင်သည်** - အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်သူလူထုတို့အတွက် အရေးပါသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူကို စုစည်းတိုက်တွန်းမှုပြုလုပ်ပေးသောကြောင့်၊ နိုင်ငံ၏ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်း၏ စစ်မှန်သော အကျိုးသက်ရောက်မှုများကို အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် နားလည်သိမြင်ပြီး လုံခြုံရေးကဏ္ဍထံ နားဖောက်ပေးနိုင်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်များကို ဂရုတစိုက်နားထောင်ခြင်းသည်သော်လည်းကောင်း၊ တင်ပြလာသည့် စိုးရိမ်ပူပန်မှုများကို တုံ့ပြန်မှုပေးခြင်းသည်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုပါဝင်စေခြင်းသည်သော်လည်းကောင်း စသည်တို့သည် ပိုမိုကျယ်ပြန့်သော လုံခြုံရေးဆိုင်ရာ အရေးကိစ္စများအပေါ်နှင့် ပြည်သူ့အကျိုးစီးပွားများအပေါ်တွင် လုံခြုံရေးကဏ္ဍက တုံ့ပြန်ဆောင်ရွက်ပေးခြင်းကို ပိုမိုဖြစ်လာစေပါသည်။

**သတင်းမီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများ**

လွတ်လပ်၍ အမှီအခိုကင်းသော သတင်းမီဒီယာကို တစ်ခါတစ်ရံတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အစိတ်အပိုင်းအဖြစ် ယူဆကြရာ၊ အကြောင်းမှာ ၎င်းတို့သည် အများပြည်သူအကျိုးစီးပွားအတွက် အနာဂတ်မျှော်မှန်းချက်ကို မြှင့်တင်ရန်နှင့် လုံခြုံရေးကဏ္ဍအပါအဝင် အစိုးရကို စောင့်ကြည့်ထိန်းကျောင်းမှုပေးရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် အလားတူသော အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်သော်လည်း သတင်းမီဒီယာများသည် အကျိုးအမြတ်အခြေခံဖြင့် လုပ်ငန်းလည်ပတ်နိုင်သည် သို့မဟုတ် ယင်းတို့သည် နိုင်ငံက ထောက်ပံ့မှုပြုကာ အစိုးရမှ ထိန်းချုပ်ထားနိုင်သည်၊ ထို့အကြောင်းကြောင့် အချို့သောသူများသည် ပရော်ဖက်ရှင်နယ် သတင်းသမားများနှင့် သတင်းမီဒီယာဌာနများကို အရပ်ဘက်အဖွဲ့အစည်းများ၏ အစိတ်အပိုင်းအဖြစ် မယူဆကြပေ။

ကောင်းမွန်သော SSG အတွင်း သတင်းမီဒီယာများ၏ အခန်းကဏ္ဍကို ပိုမိုသိရှိရန်၊ "သတင်းမီဒီယာများ" ဆိုသည့် SSR နောက်ခံအကြောင်းအရာလက်စွဲကို ဖတ်ရှုပါ။

**ပုံ ၃ အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်သူများနှင့် လုံခြုံရေးကဏ္ဍတို့အကြားဝယ် ပိုမိုကောင်းမွန်သည့် နားလည်သိမြင်မှုရှိစေရန် ကူညီပေးနိုင်ပါသည်။**



– **လုံခြုံရေးကဏ္ဍအပါအဝင် လက်ရှိလုံခြုံရေးပြဿနာများနှင့် ဖြေရှင်းနည်းလမ်းများအပေါ် အများပြည်သူတို့က လေ့လာသိရှိနိုင်သည်** - အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးနှင့်ပတ်သက်သည့် အသေးစိတ်ကျပြီး ရည်ရွယ်သတ်မှတ်ထားသော အချက်အလက်များနှင့် လုံခြုံရေးကဏ္ဍ၏ လုပ်ဆောင်ပုံနည်းလမ်းတို့ကို နိုင်ငံသားများအား ပံ့ပိုးပေးပါသည်။ လုံခြုံရေးကိစ္စရပ်များရှိ ပြဿနာများနှင့် ဖြေရှင်းနည်းလမ်းများအကြောင်းကို ၎င်း၏နယ်မြေများထံ သို့မဟုတ် လူထုတစ်ရပ်လုံးအား အသိပေးခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် SSG နှင့် ပတ်သက်၍ လူထုတွင်း ငြင်းခုံဆွေးနွေးမှုကို ထွန်းကားဖြစ်ပေါ်စေပါသည်။ စိုးရိမ်ဖွယ်ရာ အရေးကိစ္စများကို လူအများအာရုံစိုက်လာသောအခါ၊ ယင်းအခြေအနေသည် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်အတွင်း ပြည်သူ့အပေါ်တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုရှိလာစေရေး၊ အရင်းအမြစ်များကို ပိုမိုအသုံးပြုလာစေရေးနှင့် ဝန်ဆောင်မှုပေးသည့် စံနှုန်းများပိုမိုမြင့်မားလာစေရေး စသည်တို့အတွက် တောင်းဆိုမှုကို အားကောင်းစေသည်။

အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက် အမျိုးအစား အများအပြားသည် SSG ကို တိုးတက်ကောင်းမွန်စေသည်-

**အသိပညာပေးခြင်း** - ပြည်သူတို့သတိပြုမိပါက ပိုမိုအလေးထားမှုပြုလာကြမည့် အရာများအကြောင်း သတင်းအချက်အလက်များ ပေးခြင်းဖြင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စတစ်ခုတွင် လူထုစိတ်ဝင်စားမှု ကြီးကြီးမားမား ရရှိစေရန် အရပ်ဘက်အဖွဲ့အစည်းများက ကြိုးပမ်းကြသည်။ လုံခြုံရေးပြဿနာများသည် တစ်ခါတစ်ရံတွင် လုံခြုံရေးကဏ္ဍ၏ တရားဝင်မှုရှိပြီး အများအသိအမှတ်ပြုနိုင်သည့် အခန်းကဏ္ဍများနှင့် တာဝန်များအပေါ် နားလည်မှုလွဲမှားမှုများမှ ပေါက်ဖွားလာသောကြောင့် အသိပညာပေးခြင်းက အရေးကြီးပါသည်။ ဥပဒေနှင့်ညီပြီး ဒီမိုကရေစီနည်းကျလိမ့်မည်ဟုသော မျှော်လင့်ထားမှုများ၊ ဝတ္တရားများနှင့် ဖြစ်ပေါ်လာနိုင်သော ရွေးချယ်ရန် ခက်ခဲကျပ်တည်းမှုများအကြောင်း အသိပညာပေးခြင်းသည် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်ပေးမှုအပေါ် လူထုနားလည်သိမြင်မှုကို တိုးတက်စေပြီး တိုးတက်မှုအတွက် လိုလားတောင်းဆိုမှုကို ဖြစ်ပေါ်စေနိုင်သည်။ လူထုအား ပညာပေးခြင်းဆိုင်ရာ၊ လူထုအား နိုးကြားထက်မြက်စေခြင်းဆိုင်ရာနှင့် လူထုအတွက် သတင်းအချက်အလက်ဆိုင်ရာ လှုပ်ရှားမှုများသည် အသိပညာတိုးတက်စေပြီး လူထု၏ လုံခြုံမှုအရသာနှင့် ထိတွေ့မှုကိုသော်လည်းကောင်း နိုင်ငံအစိုးရကဆောင်ရွက်ပေးနေသည့် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုအပေါ် အများလက်ခံနိုင်မှုကိုသော်လည်းကောင်း မြှင့်တင်ပေးနိုင်ပါသည်။ တစ်ချိန်တည်းမှာပင်၊ နောက်ခံအမျိုးမျိုးမှ အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေး၊ မိန်းကလေးများ၏ အရေးကိစ္စများကို လုံခြုံရေးကဏ္ဍတွင်းရှိသူများ ပိုမိုကောင်းမွန်စွာ နားလည်သိမြင်နိုင်စေရန် ကူညီပေးခြင်းသည် လုံခြုံရေးကဏ္ဍအနေဖြင့် လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုအားလုံး၏ မတူကွဲပြားသော လိုအပ်ရာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အကူအညီဖြစ်စေပါသည်။

**စည်းရုံးလှုံ့ဆော်မှု** - သတ်သတ်မှတ်မှတ်ဖော်ပြထားသည့် လုံခြုံရေးပြဿနာများ သို့မဟုတ် သီးခြား လူအုပ်စုတစ်ခု၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဖြေရှင်းနည်းလမ်းများကို သက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများအား တင်ပြခြင်းဖြင့် ပိုမိုကောင်းမွန်သော လုံခြုံရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများက စည်းရုံးလှုံ့ဆော်မှုပြုနိုင်ပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ဆော်မှုသည် လက်ခံယုံကြည်စေနိုင်သော အကြောင်းပြချက်များကို အသုံးပြုကာ နိုင်ငံရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပတ်ဝန်းကျင်ကို နက်ရှိုင်းစွာ သိမြင်နားလည်မှုရှိထားကြောင်းကို သက်သေပြသပါက သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိနိုင်သည်။ စည်းရုံးလှုံ့ဆော်မှုတွင် ကွန်ရက်ချိတ်ဆက်ခြင်း၊ အရေးကိစ္စတစ်ခု၏ အစိတ်ပိုင်းတစ်ရပ်အား လုပ်ဆောင်ချက်နှင့် လူထုအရေးစီစဉ်ဆောင်ရွက်ချက်များ၊ ဆွေးနွေးမည့် အကြောင်းအရာ သတ်မှတ်ခြင်းနှင့် မူဝါဒပုံစံပြုမှု၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ ပါဝင်နိုင်ပါသည်။ စည်းရုံးလှုံ့ဆော်မှု ဆိုသည်မှာ လုံခြုံရေးကဏ္ဍ စည်းမျဉ်းများနှင့် ကျင့်ထုံးများကို ပြုပြင်ပြောင်းလဲရန် စဉ်းစားပြင်ဆင်ထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရနှင့် လုံခြုံရေးအရာရှိများနှင့် ဆွေးနွေးမှုအပါအဝင် ဆက်လက်ထိတွေ့ ပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးခြင်းကို အများအားဖြင့်ဆိုလိုသည်။ စည်းရုံးလှုံ့ဆော်မှုတွင် ဆက်လက်ပါဝင်နိုင်သည်များမှာ ရည်ရွယ်ချက်တစ်ခုအတွက် လူထုထောက်ခံမှုပိုမိုရရှိရန် ဦးတည်သတ်မှတ်ထားသော လှုပ်ရှားမှုများသော်လည်းကောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် ကွန်ရက်များကို အသက်ဝင်စေခြင်းကိစ္စသော်လည်းကောင်း ပါဝင်နိုင်သည်။

**လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)**

ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းတို့တွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးအခြေခံမှုများအား အသုံးချကျင့်သုံးပုံကို **ကောင်းမွန်သည့် SSG** က ဖော်ပြပေးပါသည်။ ကောင်းမွန်သည့် SSG အခြေခံမှုများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေစိုးမိုးခြင်းရှိမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ**ဟူသည် လုံခြုံရေး ဆောင်ရွက်ပေးသူများသာ မဟုတ်ပေ - နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ထိန်းကျောင်းပေးရန် တာဝန်ရှိသော အဖွဲ့အစည်းများအားလုံးနှင့် လူပုဂ္ဂိုလ်များအားလုံး လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

**ကောင်းမွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။** **SSR** ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျ

သည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူအခွင့်အရေး အားလေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

ယခုကဲ့သို့သော အခြေခံအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု"၊ "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" နှင့် "လုံခြုံရေးကဏ္ဍ" တို့ကိုကျေးဇူးပြု၍ ကိုးကားပါ။

**ပုံ ၃ အရပ်ဘက်အဖွဲ့အစည်းများသည် SSG ကို တိုးတက်စေရန်အတွက် အစိုးရ၏ အစိတ်အပိုင်းအမျိုးမျိုးတို့နှင့်ဆက်ဆံရာတွင် ကွဲပြားသော နည်းဗျူဟာများကို အသုံးပြုသည်။**



**စောင့်ကြည့်စစ်ဆေးခြင်းနှင့် အများပြည်သူ၏ စောင့်ကြည့်ထိန်းကျောင်းမှု -** လုံခြုံရေးဆိုင်ရာ သီးခြား ကိစ္စရပ်များ သို့မဟုတ် ကျင့်သုံးပုံများကို ပွင့်လင်းမြင်သာပြီး တစ်သမတ်တည်းဖြစ်သော နည်းလမ်းဖြင့် စနစ်တကျစစ်ဆေးကြည့်ရှုခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးကဏ္ဍ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ခြင်းနှင့် ထိန်းကျောင်းခြင်းတို့ ပြုလုပ်နိုင်သည်။ စောင့်ကြည့်ခြင်းနှင့် ထိန်းကျောင်းခြင်းတို့ ပြုလုပ်ရာတွင် အစိုးရလုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုကို မှတ်တမ်းတင်ခြင်းနှင့် လေ့လာဆန်းစစ်ရန် ကြိုးပမ်းပြီး အစိုးရလုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများကို အကြံပြုသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ စောင့်ကြည့်ခြင်းနှင့် ထိန်းကျောင်းခြင်းများသည် အလွဲသုံးစားပြုမှု သို့မဟုတ် မှားယွင်းမှုပြုလုပ်နိုင်သည့် အလားအလာရှိသည့်နေရာတွင် အချက်ပေးသံကို ဖြစ်ပေါ်စေနိုင်သောကြောင့် ယင်းကို တစ်ခါတစ်ရံတွင် "စောင့်ကြည့်လေ့လာသူ (watch-dog)" လုပ်ဆောင်ချက်ဟုခေါ်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ဥပဒေများကို လေးစားလိုက်နာမှုရှိမရှိ၊ မူဝါဒများကို လိုက်နာခြင်း သို့မဟုတ် စံနှုန်းများကို ထိန်းသိမ်းထားခြင်း ရှိမရှိ စစ်ဆေးနိုင်သည်။ အရပ်ဘက်အဖွဲ့ အစည်းများသည် အစိုးရ၏ ကြီးကြပ်ထိန်းကျောင်းမှုစနစ်များ အပြင်ဘက်တွင် ရပ်တည်နေသောကြောင့် တစ်လွဲသုံးစွဲမှုနှင့် အလွဲသုံးစားလုပ်မှုဆိုင်ရာများ မဖြစ်ပွားစေရန် အတားအဆီးများကို ဖန်တီးပေးခြင်းအားဖြင့် နိုင်ငံအစိုးရ၏ လုံခြုံရေးကဏ္ဍအပေါ် စိတ်ချယုံကြည်နိုင်မှုနှင့် အများလက်ခံတရားဝင်မှုတို့ကို အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာတည်ရှိမှုက တိုးမြှင့်စေသည်။ လုံခြုံရေးကဏ္ဍသည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးမူဘောင်များအတွင်း တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကြောင်း သေချာစေရန် မြင်သာ၍ တက်ကြွသော အားထုတ်မှုကို အရပ်ဘက်အဖွဲ့အစည်းများ၏ လုံခြုံရေးကဏ္ဍအပေါ် စောင့်ကြည့်လေ့လာခြင်းအတွင်း ထည့်သွင်းဆောင်ရွက်သောအခါတွင် SSG အား မြှင့်တင်မှုဖြစ်စေပါသည်။

**အချက်အလက်ရှာဖွေခြင်းလုပ်ငန်းစဉ်၊ သုတေသနနှင့် လေ့လာဆန်းစစ်မှုလုပ်ငန်း -** အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ယင်းတို့၏ပါဝင်ပတ်သက်မှုကို ပံ့ပိုးရန် တိကျမှန်ကန်သော သတင်းအချက်အလက်များနှင့် တစ်ပေါင်းတစ်ပါတည်း လေ့လာဆန်းစစ်မှုလုပ်ငန်းအပေါ် မှီခိုနေရပါသည်။ လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ ခေါင်းစဉ်များအပေါ် စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းအားဖြင့် မူဝါဒချမှတ်ခြင်းကို သက်ရောက်မှုပြုခြင်း၊ ရပ်ရွာလူထု၏ လိုအပ်ရာများနှင့် အကျိုးစီးပွားများအပေါ် ထိုးထွင်းသိမြင်မှုကို ပံ့ပိုးပေးခြင်း၊ လုံခြုံရေးကဏ္ဍကို ပိုမိုထိရောက်စွာ စောင့်ကြည့်လေ့လာပေးခြင်း၊ အစိုးရ၏ သတင်းပြန်ကြားရေးနှင့် မူဝါဒများ ချမှတ်ခြင်းတို့ကို တိုးတက်မှုရှိစေခြင်းနှင့် ဖြည့်စွက်မှုပြုပေးခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများသည် အထူးတတ်သိနားလည်ထားသော ကျွမ်းကျင်မှုအရည်ချင်းများနှင့် အသိပညာကို ဖွံ့ဖြိုးတိုးတက်စေရန် ပြုလုပ်လေ့ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို ပွင့်လင်းစွာ လက်ခံနိုင်သော လုံခြုံရေးကဏ္ဍတစ်ခုသည် အရပ်ဘက်အဖွဲ့အစည်းများက ပေးအပ်သော သတင်းအချက်အလက်၊ လေ့လာဆန်းစစ်ချက်နှင့် အကြံဉာဏ် စသည်တို့မှ အကျိုးကျေးဇူးကို ရရှိနိုင်ပါသည်။ ဤနည်းအားဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးအပေါ် စီမံခန့်ခွဲမှု၊ စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ဝန်ဆောင်ပေးမှုတို့ကို တိုက်ရိုက်လွှမ်းမိုးနိုင်ပြီး စိုးရိမ်ရသည့်ကိစ္စရပ်များအတွက် သတင်းမီဒီယာနှင့် ပိုမိုများပြားသော လူထုကို အသိပေးရန် ကူညီပေးနိုင်သည်။

**ဝန်ဆောင်မှုပေးအပ်ခြင်း -** တစ်ခါတစ်ရံတွင် အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံအစိုးရအနေဖြင့် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို မြင့်မားစေကာ အထောက်အပံ့ဖြစ်စေသည့် ဝန်ဆောင်မှုများ (ဥပမာအားဖြင့်၊ ရပ်ရွာအတွင်း စောင့်ကြည့်စောင့်ရှောက်ပေးမှုများ၊ လှည့်ကင်းများ သို့မဟုတ် ရပ်ရွာလူထုဖိုရမ်များ သို့မဟုတ် အရေးပေါ်တုံ့ပြန်ရေး ဆန္ဒအလျောက် ဝန်ဆောင်မှုများဖြစ်သည့် မီးသတ်အဖွဲ့များ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး သို့မဟုတ် အသက်ကယ်စောင့်ရှောက်ခြင်း အကူအညီများမှတစ်ဆင့် တရားဥပဒေကို ကြပ်မတ်လိုက်နာစေရေးလုပ်ငန်းတွင် ရပ်ရွာပူးပေါင်းဆောင်ရွက်မှု) ကို ပေးအပ်ပါသည်။ တစ်ခါတစ်ရံတွင်၊ အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို နိုင်ငံအစိုးရကဆောင်ရွက်ပေးမှုအား ဖြည့်စွက်ပေးသည့် အကူအညီ သို့မဟုတ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန်အတွက် လုံခြုံရေးဆောင်ရွက်ပေးသူများနှင့် တိုက်ရိုက်အလုပ်လုပ်ပါသည် (ဥပမာ၊ ဥပဒေအကြံဉာဏ်၊ ထိခိုက်နစ်နာသူ/ကျူးလွန်ခံရသူအား ပံ့ပိုးကူညီမှု သို့မဟုတ် ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် အခြားသော အရာများ)။ အထူးပြုအကြောင်းအရာများအတွက် သင်ကြားလေ့ကျင့်ပေးမှု (ဥပမာအားဖြင့် မည်သူမည်ဝါ အထောက်အထားကိစ္စ သို့မဟုတ် ရပ်ရွာပြဿနာများအတွက် လုံခြုံရေးဆောင်ရွက်ပေးသူများ သို့မဟုတ် အရာရှိတာဝန်ရှိသူများအား လေ့ကျင့်သင်တန်းပေးခြင်း သို့မဟုတ် လုံခြုံရေး သို့မဟုတ် တရားမျှတမှုဆိုင်ရာ ကဏ္ဍရှုထောင့်များအတွက် ရပ်ရွာလူထုအား လေ့ကျင့်သင်တန်းပေးခြင်း) ပြုလုပ်ပေးရန် အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးကဏ္ဍနှင့်လည်း အတူတကွ လုပ်ဆောင်နိုင်သည်။

## အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းက နိုင်ငံအစိုးရပိုင် လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများကို မည်သို့ကူညီနိုင်မည်နည်း။

လုံခြုံရေးဆိုင်ရာအပေါ် စောင့်ကြည့်ထိန်းကျောင်းမှု၊ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆောင်ရွက်ပေးမှုဆိုင်ရာ ကဏ္ဍရှုထောင့်များစွာကို အရပ်ဘက်အဖွဲ့အစည်းများသည် တိုးမြှင့်ပေးနိုင်သည်။ **SSG တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဟူသည်မှာ အစိုးရများသည် ၎င်းတို့အုပ်ချုပ်သော ပြည်သူများအပေါ် တာဝန်ခံမှုနှင့် တုံ့ပြန်ဆောင်ရွက်ပေး**

**မှုရှိသင့်သည်ဟူသော အယူအဆအပေါ် အခြေခံသည်။** အရပ်ဘက်အဖွဲ့အစည်းများနှင့် နီးကပ်စွာလုပ်ဆောင်ခြင်းဟူသည်မှာ -

– **လုံခြုံရေးနှင့် တရားမျှတမှု ဆောင်ရွက်ပေးသူများသည် ပိုမိုကျွမ်းကျင်ပြီး ထိရောက်မှုရှိလာနိုင်သည်** - ထိရောက်သော ပြည်သူလူထု၏ စောင့်ကြည့်ထိန်းကျောင်းမှုအတွက်လိုအပ်သည်မှာ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးကဏ္ဍ၏ ဆောင်ရွက်ချက်နှင့် ပတ်သက်သည့် ရှုထောင့်ကဏ္ဍအားလုံးနှင့် အကျွမ်းတဝင်ရှိရန်ဖြစ်ကာ ယင်းအရပ်ဘက်အဖွဲ့အစည်းများ၏ ထိုးထွင်းသိမြင်မှုသည် လုံခြုံရေးဆောင်ကျဉ်းပေးမှုအတွက် ပိုမိုကောင်းမွန်သော နည်းလမ်းသစ်များကို ရှာဖွေရန် ကူညီပေးနိုင်ပါသည်။

– **လုံခြုံရေးနှင့် တရားမျှတမှု ဆောင်ရွက်ပေးသူများသည် ပြည်သူလူထုရှေ့မှောက် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အများလက်ခံတရားဝင်မှုနှင့် ယုံကြည်စိတ်ချထိုက်မှုကို ရရှိသည်-** အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်ထိတွေ့ဆက်ဆံမှုသည် ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ရန် အထောက်အကူဖြစ်စေသည့် အများပြည်သူနှင့် လုံခြုံရေးကဏ္ဍအကြား ဆက်လက်ဆွေးနွေးမှုများကို ဖန်တီးပေးနိုင်သည်။

– **လုံခြုံရေးနှင့် တရားမျှတမှု ဆောင်ရွက်ပေးသူများသည် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို ပိုမိုကောင်းမွန်စွာ တားဆီးနိုင်သည်-** အရပ်ဘက်အဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို ဖြစ်စေနိုင်သည့် မကျေနပ်ချက်များနှင့် ထိလွယ်ရှလွယ် အားနည်းချက်များကို ကူညီ ခွဲခြားသတ်မှတ်ပေးနိုင်သည့်အပြင် ကြိုတင်တားဆီးရေးနှင့် လျှော့ချရေးတို့အတွက် ပိုမိုကောင်းမွန်သော ရေရှည်အကျိုးမျှော် ဆောင်ရွက်ပုံနည်းလမ်းများ ဖော်ဆောင်နိုင်ရန် နိုင်ငံပိုင်အဖွဲ့အစည်းများကို ကူညီပံ့ပိုးပေးနိုင်ပါသည်။

## အရပ်ဘက်အဖွဲ့အစည်းများသည် မလုံခြုံမှု အခြေအနေကို မည်သည့်အချိန်တွင် ပိုမိုဆိုးရွားသွားစေသနည်း။

**အရပ်ဘက်အဖွဲ့အစည်းများသည် အမြဲတမ်း ဒီမိုကရေစီနည်းကျခြင်း သို့မဟုတ် လူထု၏ လိုအပ်ရာများ သို့မဟုတ် အကျိုးစီးပွားများကို အမြဲတမ်း ကိုယ်စားပြုခြင်း မဟုတ်သလို ယင်းတို့အား ပါဝင်စေခြင်းအားဖြင့် လုံခြုံရေးကဏ္ဍအပေါ် ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုကို အလိုအလျောက် ဖြစ်ပေါ်စေမည်မဟုတ်ပါ။** အရပ်ဘက်အဖွဲ့အစည်းများသည် ယင်းတို့အတွင်း ပါဝင်နေသော ပြည်သူများ မတူကွဲပြားမှုဖြစ်နေကြသည့်အတိုင်း မတူကွဲပြားမှုရှိသည်။ ဆိုလိုသည်မှာ အများပြည်သူ၏ အကျိုးစီးပွားအတွင်း မည်သည့်အရာများပါဝင်နေသည့်ဆိုသည့်ပေါ် အမြင်အမျိုးမျိုးများစွာ ရှိပြီး စော်ကားမှုမြောက်သည် သို့မဟုတ် လက်ခံနိုင်ဖွယ်မရှိဟု အခြားသူများက သတ်မှတ်ထားသည့် အမြင်များကို အခြားတစ်ဖက်က ထောက်ခံအားပေးမှုလည်း ရှိနေနိုင်ပါသည်။

ကွဲပြားပြီး ဆန့်ကျင်ဘက်ဖြစ်သော အမြင်များသည် ဒီမိုကရေစီ၏ အစိတ်အပိုင်း ဖြစ်သည်။ သို့သော်လည်း အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကို ကန့်သတ်ရန်သော်လည်းကောင်း၊ ဒီမိုကရေစီမဆန်သော တန်ဖိုးများ သို့မဟုတ် ပဋိပက္ခနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်မှုများအား ထောက်ခံအားပေးရန်သော်လည်းကောင်း အရပ်ဘက်အဖွဲ့အစည်းများက ကြိုးပမ်းမှုပြုသောအခါတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားတက်ကြွမှုများက မလုံခြုံမှုကို အထောက်အကူပြုနိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် မရည်ရွယ်ထားသော နောက်ဆက်တွဲအကျိုးဆက်များမှတစ်ဆင့် မလုံခြုံမှုကို အထောက်အကူဖြစ်စေနိုင်သည်။ အရပ်ဘက်အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သူများအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သောအခါ ထိုကဲ့သို့ဖြစ်နိုင်သည် -

– ဒေသတွင်း အရည်အချင်း ရှိသူများအား ပြည်သူ့ အခန်းကဏ္ဍများမှ ထွက်ခွာပြီး ပိုမို ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများရှိသည့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းရန် မက်လုံးများ ချမှတ်ခြင်း၊

– အစိုးရ၏ လုပ်ငန်းဆောင်တာလည်ပတ်မှုများကို အားကောင်းစေရမည့်အစား အစားထိုးမှုပြုလုပ်ကာ အစိုးရအနေဖြင့် ကိုယ်ပိုင်ဖြေရှင်းနည်းလမ်းများကို ရှာဖွေခြင်းမှ အစိုးရများကို တားဆီးခြင်း၊

– ဝန်ဆောင်မှုဌာနဆိုင်ရာများကို အစိတ်စိတ်ကွဲပြားစေခြင်းနှင့် အမျိုးမျိုးသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဘောင်ခတ်ကန့်သတ်ခြင်း၊

– လူ့အဖွဲ့အစည်းအတွင်း ချန်လှပ်ဖယ်ထုတ်၍ ပိုင်းခြားမှုများကို အမြစ်တွယ်စေသော သီးသန့်အဖွဲ့ဝင်ဖြစ်မှုဓလေ့ကို ထွန်းကားစေခြင်းဖြင့် လူထုကို အစိတ်စိတ်ကွဲပြားစေခြင်း၊

– ရေရှည်မတည်တံ့နိုင်သော နှင့်/သို့မဟုတ် မိမိကိုယ်ကို အကျိုးရှိစေမည့် စီမံချက်များကို မြှင့်တင်အားပေးခြင်း၊

– မည်သူ့ အပေါ်ကိုမျှ တာဝန်ခံမှုမရှိဘဲ လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

လုံခြုံရေးအပေါ် လူထု၏ စောင့်ကြည့်ထိန်းကျောင်းမှုသည် နိုင်ငံတော်၏လုံခြုံရေးအကျိုးအလို့ငှာ နိုင်ငံအစိုးရက လျှို့ဝှက်အပ်မှုထားရှိရန် လိုအပ်ချက်နှင့် တစ်ခါတစ်ရံ ထိပ်တိုက်တွေ့ကာ ဆန့်ကျင်မှုဖြစ်နိုင်သည်။ နိုင်ငံတော်လုံခြုံရေး သို့မဟုတ် ပြည်သူလူထုတွင်း တည်ငြိမ်ရေးဆိုင်ရာ လက်ခံနိုင်သည့် တရားဝင်အကြောင်းပြချက်များအတွက် အချို့သောအခြေခံအခွင့်အရေးများကို ကန့်သတ်မှုပြုလုပ်နိုင်သည့် နိုင်ငံအစိုးရများ၏ လုပ်ပိုင်ခွင့် အခွင့်အရေးကို နိုင်ငံတကာ ဥပဒေက အသိအမှတ်ပြုပါသည်။ သတင်းအချက်အလက်ကို လျှို့ဝှက်ချက်အဖြစ် အမျိုးအစားသတ်မှတ်ခြင်းအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်များသည် လျှို့ဝှက်ထားရန် လိုအပ်မှုနှင့်အတူ သတင်းလွတ်လပ်ခွင့်ကို ဟန်ချက်ညီမှု ဖြစ်စေနိုင်သည်။

## အရပ်ဘက်အဖွဲ့အစည်းများ အဘယ်သို့သော စိန်ခေါ်ချက်များကို ရင်ဆိုင်ရပါသနည်း။

**လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်** အားဖြင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အတွေးအမြင်များကို လူအများထံ ဆက်သွယ်ပြောဆိုနိုင်ပြီး နိုင်ငံရေးအပိုင်းမှ ထောက်ခံပေးမှုကို စုစည်းနိုင်မည်ဖြစ်သည်။ ဤကဲ့သို့သော လွတ်လပ်ခွင့်များသည် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များနှင့် နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အသိအမှတ်ပြုခံရသည် - အရပ်ဘက်အဖွဲ့အစည်းများ၏ တက်ကြွလှုပ်ရှားမှုများက ယင်းအခွင့်အရေးများ တိုက်စားခံရခြင်းမှ ကူညီ ကာကွယ်ပေးသည်။ အစိုးရသည် လုံခြုံရေးကဏ္ဍကို အသုံးပြု၍ ယင်းအခွင့်အရေးများနှင့် အခြားအရပ်ဘက်ဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်လာသည့်အခါ အရပ်ဘက်အဖွဲ့အစည်းများသည် ယင်းမူဝါဒကို လူသိရှင်ကြား ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုနိုင်သည့် တစ်ခုတည်းသော ဆောင်ရွက်လုပ်ကိုင်သူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လူထုနှင့်ထိတွေ့ဆက်ဆံနိုင်မှု သို့မဟုတ် မှန်ကန်ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုပေးရန် အရပ်ဘက်အဖွဲ့အစည်းများ၏စွမ်းရည်ကို အချို့သောစိန်ခေါ်မှုများက အဟန့်အတားဖြစ်စေသည် -

- လုံခြုံရေးကဏ္ဍအား လွှမ်းခြုံလျက်ရှိသည့် **လျှို့ဝှက်ရေးထုံးတမ်းအစဉ်အလာ**သည် လုံခြုံရေးကဏ္ဍ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ထိန်းညှိရန် သို့မဟုတ် အများပြည်သူအား အသိပေးရန် ကြိုးပမ်းရာတွင် ခက်ခဲစေသည်။
- အရပ်ဘက်ဆိုင်ရာ လွတ်လပ်မှုနှင့် လူ့အခွင့်အရေးတို့အား ကျော်လွန်၍ **နိုင်ငံတော် လုံခြုံရေးကို ဦးစားပေးခြင်း** ကြောင့် လုံခြုံရေးကဏ္ဍမှ တာဝန်ခံမှုကို တောင်းဆိုရန်အတွက် နယ်ပယ်ဘောင်ကျဉ်းမြောင်းသွားပါတော့သည်။
- **အရပ်ဘက်အဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်များ ချို့တဲ့နေနိုင်ခြင်း** - ဥပမာ၊ လုံခြုံရေးကိစ္စရပ်များတွင် ပညာရပ်ကျွမ်းကျင်မှု၊ အဓိက ကျသည့် အသိပညာ သို့မဟုတ် မိမိကိုယ်မိမိ လုံလောက်သော ပိုင်နိုင်စိတ်ချမှုတို့ဖြစ်ကာ၊ ထို့ကြောင့် လုံခြုံရေးကဏ္ဍနှင့် တန်းတူညီတူ ထိတွေ့ဆက်ဆံရန် ခက်ခဲမှုရှိခြင်း။
- **ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် သတင်းလွတ်လပ်ခွင့် အကန့်အသတ်ရှိသော ဥပဒေများ**သည် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အရပ်ဘက်အဖွဲ့အစည်းများ ထိရောက်စွာ လိုက်ပါဆောင်ရွက်စည်းရုံးပြောဆိုရန် လိုအပ်သော သတင်းအချက်အလက်များကို အရပ်ဘက်အဖွဲ့အစည်းများ ရရှိခြင်းမှ တားဆီးထားခြင်း။
- အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းများက ရန်ပုံငွေထောက်ပံ့ပေးခြင်းသော်လည်းကောင်း သို့မဟုတ် ယင်းတို့နှင့် ပူးပေါင်းရွေးချယ်သောအခါ အရပ်ဘက်အဖွဲ့အစည်းများအကြားတွင် **အများလက်ခံတရားဝင်မှုနှင့် လွတ်လပ်မှုမရှိတော့ခြင်း**။
- လုံခြုံရေးကဏ္ဍ၏ **ပွင့်လင်းမြင်သာမှုနှင့် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုတို့အတွက် ပံ့ပိုးကူညီမှု မလုံလောက်ခြင်း**၊ ဒီမိုကရေစီနည်းကျသည့် စောင့်ကြည့်ထိန်းကျောင်းမှုအား အလေးမထားဘဲ မြန်ဆန်ထိရောက်မှုဆိုင်ရာ အရေးကိစ္စများကို အလေးပေးသည့် နည်းစနစ်ပိုင်းအကူအညီကိုသာ အားသန်နေခြင်း။
- လုံခြုံရေးကဏ္ဍအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များအတွက် **အရပ်ဘက်အဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် စုပေါင်းလိုက်ပါဆောင်ရွက်စည်းရုံးရန် ပျက်ကွက်ခြင်း**။ အရပ်ဘက်အဖွဲ့အစည်းများကို အင်အားကြီးအုပ်စုများက လွှမ်းမိုးထားနိုင်ပြီး အခြားအမြင်များ သို့မဟုတ် အဖွဲ့အစည်းများကို ပစ်ပယ်ခြင်းသို့ ဦးတည်သွားစေနိုင်သည်။
- အထူးသဖြင့် အလွဲသုံးစားလုပ်မှု သို့မဟုတ် ပဋိပက္ခဖြစ်ခဲ့ဖူးသော သမိုင်းနောက်ခံရှိသည့်နေရာများတွင် **အရပ်ဘက်အဖွဲ့အစည်းများနှင့် လုံခြုံရေးကဏ္ဍအကြား ယုံကြည်မှုမရှိခြင်း**။
- လုံခြုံရေးမူဝါဒ ပြုစုရေးဆွဲရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှုတွင် **ပူးပေါင်းပါဝင်ခွင့်မရှိခြင်းသည်** လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်ချမှတ်ခြင်းတို့ကို လွှမ်းမိုးရန်အလို့ငှာ အဓိက ဆုံးဖြတ်ချက်ချမှတ်သူများထံ လက်လှမ်းမီရောက်ရှိရန် အရပ်ဘက်အဖွဲ့အစည်းများအတွက် ခက်ခဲမှုရှိစေသည်။

## နောက်ထပ်ဖတ်စရာ


*လုံခြုံရေးကဏ္ဍအပေါ် ပြည်သူလူထု၏ စောင့်ကြည့်ထိန်းကျောင်းမှုဆိုင်ရာ*

– Augustin Loada and Ornella Moderan
**Tool 6: Civil Society Involvement in Security Sector Reform and Governance**
In Toolkit for Security Sector Reform and Governance in West Africa, edited by Ornella Moderan Geneva: DCAF, 2015.

– Eden Cole, Kerstin Eppert and Katrin Kinzelbach (eds.)
**Public Oversight of the Security Sector: A Handbook for Civil Society Organizations** DCAF, UNDP, 2008.

*လုံခြုံရေးတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍဆိုင်ရာ –*

– Marina Caparini, Philipp Fluri and Ferenc Molnar (eds.)
**Civil Society and the Security Sector: Concepts and Practices in New Democracies**
Berlin: LIT Verlag, 2006.

*Case studies on the role of public oversight of security:*

– Chandra D. Bhatta
**Security Sector Reform and the Role of Oversight Agencies: Parliament, Civil Society and Media** In Changing Security Dynamics in Nepal: A Collection of Essays, edited by Rajan Bhattarai and Rosy Cave
Kathmandu: Nepal Institute for Policy Studies; London: Saferworld, 2009.

– Denise Garcia
**Not Yet a Democracy: Establishing Civilian Authority over the Security Sector in Brazil – Lessons for Other Countries in Transition** Third World Quarterly, 35(3), 2014: 487-504.

– Paul Jackson and Peter Albrecht (eds.) **Security Sector Reform in Sierra Leone 1997–2007: Views from the Front Line** Geneva: DCAF, 2010.

– Diana Garcia and others
**Transcending the Long Path: Recommendations for the Security of Rural Women in Colombia** Bogota: Corporation for Research, Social and Economic Action (CIASE); Geneva: DCAF, 2018.

*အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုများဆိုင်ရာ -*

– John Gaventa and Gregory Barrett **So What Difference does it Make?**
**Mapping the Outcomes of Citizen Engagement** IDS Working Paper 347. Brighton: Institute of Development Studies, 2010.

– Karen Barnes and Peter Albrecht
**Tool 9: Civil Society Oversight of the Security Sector and Gender**
In Gender and SSR Toolkit, edited by Megan Bastick and Kristin Valasek DCAF, OSCE/ODIHR, UN-INSTRAW, 2008.


### DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

- DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည် - များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည် -
အခမဲ့ download ရယူရန် **www. dcaf.ch**

- DCAF-ISSAT လက်တွေ့ကျင့်သုံးရေး အသိုင်းအဝိုင်း website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ်အမျိုးမျိုးကို ဤတွင် http://issat.dcaf.ch ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအား လေးစားလိုက်နာမှုနှင့် ကျား-မ တန်းတူညီမျှရေး စသည့် မူဘောင်အတွင်း နိုင်ငံများနှင့် ယင်းတို့၏ ပြည်သူများ စသည်တို့၏ လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အားလုံးပါဝင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိတ်ဖက်နိုင်ငံများအတွင်းရှိ လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှုပေးရေးကိစ္စကို တိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ကူညီနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုရေရှည်တည်တံ့အောင် ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ DCAF သည် အထောက်အကူပြုခဲ့ပါသည်။ DCAF သည် ဆန်းသစ်တီထွင်ထားသော အသိပညာထုတ်ကုန်များကို ဖန်တီးပေးကာ စံပြုသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးပြီး ဥပဒေနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်များကို ပံ့ပိုးပေးလျှက် လုံခြုံရေးကဏ္ဍတွင်းရှိ နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော ပါဝင်ပတ်သက်သူအဖွဲ့အစည်း နှစ်မျိုးလုံး၏ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးပါသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

Ronja Harder နှင့် Jasper Linke တို့အား သုတေသနအား ထည့်ဝင်ကူညီမှု၊ စာပေရေးသားပေးမှုနှင့် တည်းဖြတ်ပေးမှုအတွက်၊

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်၊

SwissTranslate အား ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုပေးမှုနှင့် စိစစ်တည်းဖြတ်ပေးမှုအတွက်၊

ထို့ပြင် Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်။

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ။ အရပ်ဘက်အဖွဲ့အစည်းများ။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

DCAF Geneva Centre for Security Sector Governance

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

Maison de la Paix

Chemin Eugène-Rigot 2E

CH-1202 Geneva၊ ဆွစ်ဇာလန်နိုင်ငံ

ဖုန်း: +41 22 730 94 00

info@dcaf.ch www.dcaf.ch

Twitter @DCAF_Geneva